

# ပါရမီအပြည့်ဖြင့် စတင်ကျင့်ကြံခြင်းလမ်းစဉ်

စာစဉ်-၁

Translator - Shanhtet

# အခန်း (၁)
## ပြီးပြည့်စုံသော အရည်အချင်းဖြင့် စတင်ခြင်း

*

နေဝန်းအနီသည် မီးလုံးကြီးတစ်လုံးကဲ့သို့ တဖြည်းဖြည်း ချဉ်းကပ်လာကာ တိမ်တိုက်များကို ခွဲထွက်၍ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းတစ်ခုလုံးကို ရွှေရောင်လွှမ်းခြုံစေခဲ့ချေပြီ။

မြူနှင်းဝေမှိုင်းနေသော တောင်ကုန်းထက်ဝယ် သစ်တောသစ်ပင်တို့သည် စိမ်းစိုဝေဆာလျက်ရှိရာ ယင်းသစ်ရွက်တို့သည် မြစိမ်းရောင် ကျောက်စိမ်းတုံးများအလား နူးညံ့စိုပြည်လျက် ရှိကြပေသည်။

ဤအရပ်သည် မသေမျိုးနယ်ပယ်တစ်ခုကဲ့သို့ လှပလွန်းလှပြီး ဝိညာဉ်စွမ်းအင်များလည်း အရပ်မျက်နှာအနှံ့ ပျံ့နှံ့လျက်ရှိ၏။ ထိုအချိန်၌ တောင်စောင်းထက်ရှိ ကောက်ရိုးတဲငယ်အတွင်းမှ ကောက်ရိုးဖျာပေါ်တွင် အိပ်မောကျနေသော လူငယ်တစ်ဦးသည် နိုးထလာခဲ့လေသည်။

နင်တောက်ရန်သည် ဤကျင့်ကြံခြင်းကမ္ဘာသို့ ရောက်ရှိလာခဲ့သည်မှာ အတိအကျဆိုလျှင် နှစ်နှစ်နှင့် ခြောက်လတိုင်ခဲ့ချေပြီ။

ဝမ်းသာစရာ သတင်းစကားမှာ သူသည် အသက်ရှင်သန်နေဆဲ ဖြစ်သော်လည်း၊ စိတ်မကောင်းစရာ အချက်မှာမူ ကျင့်ကြံခြင်းကိစ္စ၌ ယနေ့တိုင် တိုးတက်မှု အစအနမျှ မရှိသေးခြင်းပင် ဖြစ်ချေသည်။

"တင်းဒေါင်..."

သူ၏ စိတ်အာရုံတစ်ခုကြောင့်ပင် အရည်အချင်းများကို ဖော်ပြသည့် စနစ် မျက်နှာပြင်သည် မျက်မှောက်၌ ပေါ်လာခဲ့၏။

ခွန်အား - ၅မှတ်

ခုခံမှု- ၅မှတ်

အလျင် - ၅ မှတ်

ဝိညာဉ်အင်အား - ၅ မှတ်

သစ်ပင်ပန်းမန် ဝိညာဉ်အာရုံ- ၅ မှတ်

သားရဲအပေါင်းကို တစ်သားတည်းဖြစ်စေခြင်း - ၄ မှတ်

နင်တောက်ရန်သည် ကမ္ဘာကူးပြောင်းလာပြီးနောက် အရည်အချင်း ခြောက်မျိုးလုံး ပါဝင်သည့် ဒဏ္ဍာရီလာ "ပြီးပြည့်စုံသော အောင်မြင်မှုစနစ်" ကို ရရှိခဲ့ခြင်း ဖြစ်၏။

ပထမအဆင့်တွင် သူသည် လစဉ် အရည်အချင်းအမှတ် တစ်မှတ်စီကို အလိုအလျောက် ရရှိခဲ့ရာ နှစ်နှစ်ကျော် ကြာမြင့်ပြီးနောက်တွင်မှ နင်တောက်ရန်သည် ဤကျင့်ကြံခြင်းကမ္ဘာ၌ အတိဒုက္ခများကို အံတုကျော်ဖြတ်ကာ နောက်ဆုံး၌ အလင်းရောင်ကို မြင်တွေ့ရတော့မည် ဖြစ်ပေသည်။

ယခုအခါ နှစ်နှစ်နှင့် ခြောက်လ ပြည့်ခါနီးပြီဖြစ်ရာ သူ၏ အရည်အချင်း ခြောက်မျိုးစလုံးသည် အထွတ်အထိပ်သို့ ရောက်ရှိရန် နီးကပ်နေပြီ ဖြစ်ချေသည်။

ယင်းအပြင် သူသည် အရည်အချင်းတစ်ခုချင်းစီကိုလည်း သေချာစွာ နားလည်ထားပြီး ဖြစ်၏။ ခွန်အား၊ ခုခံမှု၊ အလျင်နှင့် ဝိညာဉ်အင်အား ဟူသော အခြေခံအရည်အချင်း လေးမျိုးသည် တိုက်ရိုက် တိုးတက်မှုကို ပေးစွမ်းနိုင်ခြင်း ဖြစ်ပေသည်။

"သစ်ပင်ပန်းမန်တို့၏ သန့်စင်သော ဝိညာဉ်တော်" သည် နင်တောက်ရန် အားကိုးရဆုံးသော အရည်အချင်းပင် ဖြစ်၏။ ယင်း၌ အမှတ်တစ်ခု တိုးလာတိုင်း စိုက်ပျိုးထားသော အပင်များ၏ ကြီးထွားနှုန်းကို ၁၀ ဆမျှ မြန်ဆန်စေသည် မဟုတ်လော။

ထိုအချက်ကြောင့်ပင် သူသည် ဝိညာဉ်အပင်များ စိုက်ပျိုးခြင်းလမ်းစဉ်၌ အကန့်အသတ်မဲ့ စွမ်းဆောင်နိုင်စွမ်း ရှိနေကာ ဝိညာဉ်ကောက်နှံနှင့် ဝိညာဉ်ဆေးပင်များကို စိုက်ပျိုးရာတွင်လည်း သဘာဝအတိုင်း ကျွမ်းကျင်နေခြင်း ဖြစ်ပေသည်။

နောက်ဆုံး အရည်အချင်းဖြစ်သော "သားရဲအပေါင်းကို တစ်သားတည်းဖြစ်စေခြင်း" မှာမူ အမည်အတိုင်းပင် သားရဲထိန်းကျောင်းခြင်းနှင့် သက်ဆိုင်လှပေသည်။

...

"သမင်ကြီး... ထတော့"

နင်တောက်ရန်သည် အိပ်ရာမှထကာ သူ၏ခြေရင်း၌ ရှိနေသော သတ္တဝါကြီးကို ဒေါသတကြီး ကန်လိုက်လေသည်။

"အူးးးး~~~"

ထိုသတ္တဝါကြီးသည် ခေါင်းကို ဖြည်းညှင်းစွာ မော့လာ၏။ ယင်းမှာ ဦးချိုများ အဖြတ်ခံထားရသော သမင်တစ်ကောင် ဖြစ်ပေသည်။

သူ၏ ယခင်မှတ်ဉာဏ်များအရ ဤသည်မှာ "တောင်ဖြူသမင်" တစ်ကောင်ပင် ဖြစ်ချေသည်။

တစ်ခါက လွန်စွာ မှောင်မိုက်နေသော ညတစ်ညတွင် လျှပ်စီးကြောင်းတစ်ခုသည် အမှောင်ထုကို ခွဲထွက်ကာ မြေပြင်ပေါ်သို့ ကျဆင်းလာခဲ့၏။

ထိုလျှပ်စီးနှင့်အတူ ဦးချိုများ ကျိုးပဲ့နေပြီး တင်ပါးတွင် "အပြာရောင်နဂါး ဝိညာဉ်လုံ" တစ်ဝက် စိုက်ဝင်နေသော တောင်ဖြိုသမင်သည် မြေပြင်ပေါ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။

ဖြစ်တန်ရာမှာမူ မသေမျိုးသားရဲများကို လိုက်လံအမဲလိုက်နေသော ကျင့်ကြံသူတစ်ဦး၏ လက်ချက်မှ လွတ်မြောက်လာခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။

ထိုစဉ်က နင်တောက်ရန်သည် "သားရဲအပေါင်းကို တစ်သားတည်းဖြစ်စေခြင်း" ၌ အမှတ်တစ်ခု ထည့်သွင်းထားချိန်ဖြစ်ရာ ယင်းအခွင့်အရေးကို အသုံးချ၍ ဤတောင်ဖြိုသမင်ကို သူ၏ ပထမဆုံးသော ဝိညာဉ်သားရဲ အဖြစ် ပြောင်းလဲခဲ့ခြင်း ဖြစ်ချေသည်။

ဤသမင်သည် အမြဲတစေ ကြောင်တောင်တောင် ဖြစ်နေတတ်ကာ မျက်လုံးများတွင်လည်း အူကြောင်ကြောင်နိုင်မှုများဖြင့် ပြည့်နှက်နေ၏။

နင်တောက်ရန်သည် ဤသမင်ကို ကျွေးမွေးထားရခြင်းမှာလည်း တောင်ဖြိုသမင်တို့၏ ထူးခြားသော စွမ်းဆောင်ရည်ဖြစ်သည့် မြေအောက်သို့ တိုးဝင်နိုင်စွမ်းကြောင့်ပင် ဖြစ်၏။ ယင်းသည် ကျင်းတူးရာတွင် များစွာ အထောက်အကူပြုပေသည်။

ယင်းအပြင် ဤ "သမင်အူကြောင်" သည် အသားပိဿာချိန် တစ်ထောင်ခန့် ရှိနေပြန်ရာ အကယ်၍ လမ်းဆုံးသို့ ရောက်ရှိသွားပါကလည်း ယင်းကို သတ်ဖြတ်၍ အသားအဖြစ် စားသုံးနိုင်သေးသည် မဟုတ်လော။

နင်တောက်ရန်သည် နိုးထလာပြီးနောက် ကျင့်ကြံခြင်းလမ်းစဉ်ကို မည်သို့ စတင်ရမည်ကို မသိရှိသဖြင့် စိုးရိမ်ပူပန်နေမိသည်။

သူ ဤကမ္ဘာသို့ ရောက်ရှိလာပြီးကတည်းက ကျင့်ကြံသူတစ်ဦးတစ်

ယောက်မျှကို မမြင်တွေ့ဖူးသကဲ့သို့ ဂိုဏ်းတစ်ခုခုသို့ ဝင်ရောက်နိုင်မည့် အခွင့်အလမ်းလည်း မရှိခဲ့ချေ။

သူ၏ မူလရွာမှာ "လုံရှန်းရွာ" ဟု အမည်တွင်ပြီး ရှနိုင်ငံ၏ အအေးမြဲဆုံးနှင့် အစွန်အဖျားအကျဆုံး အရပ်၌ တည်ရှိလေသည်။ ထိုသို့သော အစွန်အဖျားအရပ်သို့ ကျင့်ကြံသူများ လာရောက်ရန်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။

ကျင့်ကြံခြင်း ပညာရပ်နှင့် ပတ်သက်၍မူ...

လွန်ခဲ့သော ခြောက်လခန့်က နင်တောက်ရန်သည် သူစုဆောင်းထားသမျှ ငွေကြေးများကို အသုံးပြု၍ လှည့်လည်ရောင်းချသူတစ်ဦးထံမှ "ခန္ဓာကိုယ်ကြံခိုင်ကျင့်စဉ်" ဟု ခေါ်သော လျှို့ဝှက်ကျင့်စဉ်စာအုပ်ကို ဝယ်ယူခဲ့ဖူးသည်။

ထိုရောင်းချသူသည် နင်တောက်ရန်၌ ဝိညာဉ်အမြစ် ရှိသည်ကို ချက်ချင်းသိရှိသွားကာ ဤကျင့်စဉ်သည် ခန္ဓာကိုယ်ကို သန်မာစေခြင်း၊ ရိုးတွင်းခြင်ဆီကို သန့်စင်စေခြင်းနှင့် သွေးကြောများကို ပြောင်းလဲပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရှိကြောင်း စည်းရုံးပြောဆိုခဲ့ချေသည်။

ယင်းအပြင် လေဖြတ်နေသည်မှာ အနှစ်သုံးဆယ်ရှိပြီဖြစ်သော အဘိုးအိုတစ်ဦးသည် ဤကျင့်စဉ်ကို သင်ယူပြီးနောက် ချက်ချင်းပင် လမ်းထလျှောက်နိုင်ရုံသာမက အိမ်ခေါင်မိုးများပေါ်သို့ပင် ပျံသန်းသွားနိုင်ခဲ့သည်ဟုလည်း အတည်ပေါက် ပြောဆိုခဲ့သေး၏။

သို့သော် နင်တောက်ရန်သည် ခြောက်လတိုင်တိုင် ကျင့်ကြံခဲ့သော်လည်း မည်သည့်ထူးခြားမှုမျှ မရှိခဲ့ပေ။

ယနေ့ နံနက်ခင်းတွင်မူ နင်တောက်ရန်သည် နံနက်ခင်းအလင်းရောင်အောက်၌ ကျင့်စဉ်ကို စတင်ကျင့်ကြံလေသည်။

သူသည် ခန္ဓာကိုယ်ကြံခိုင်ကျင့်စဉ်၏ ကိုယ်ဟန်အနေအထားများကို ဖြည်းညှင်းစွာ ပြုလုပ်နေမိ၏။ ဤသည်မှာ နှစ်နှစ်အတွင်း သူပြုလုပ်ခဲ့သော အကြိမ်ပေါင်း မရေမတွက်နိုင်သော အပြုအမူပင် ဖြစ်ချေသည်။

ဤကျင့်စဉ်သည် အသုံးမဝင်နိုင်ကြောင်း သိရှိထားသော်လည်း သူ၏ လက်ဝယ်ရှိသော တစ်ခုတည်းသော အရင်းအမြစ် ဖြစ်နေသဖြင့် "သေပြီးသား မြင်းကို ဆေးကုသခြင်း" ကဲ့သို့ပင် ဆက်လက်ကြိုးစားနေရခြင်း ဖြစ်ပေသည်။

ကျင့်ကြံသူဖြစ်ရန်မှာ ဖွဲ့လုံ့လရှိရန် လိုအပ်ပေရာ ထိုသို့မှမဟုတ်လျှင်မည်သို့လျှင် မသေမျိုးဖြစ်နိုင်ပါအံ့နည်း။

အချိန်အတန်ကြာပြီးနောက် ကျင့်စဉ်တစ်စုံ ပြီးဆုံးသွားရာ နင်တောက်ရန်သည် သူ၏ရင်ဘတ်အတွင်းမှ ညစ်ညမ်းသော ဝိညာဉ်စွမ်းအင်များကို အပြင်သို့ မှုတ်ထုတ်လိုက်လေသည်။

"ကောင်းလှချေလား"

ကျင့်စဉ်ကို ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် သူသည် ယနေ့ကျင့်စဉ်ပြုလုပ်ရခြင်းမှာ ထူးခြားနေသည်ကို သတိပြုမိ၏။ သူ၏ အရေပြားများဆီမှ တဖျပ်ဖျပ်မြည်သံများ ပေါ်ထွက်လာရာ တစ်စုံတစ်ခုသော အစပျိုးမှု စတင်လာသကဲ့သို့ပင်ဖြစ်သည်။

ထို့နောက်တွင်မူ ကောင်းကင်နှင့် မြေကြီးအကြား၌ ဝေဝါးသော အရာဝတ္ထုအချို့ ပေါ်ပေါက်လာသည်ကို သူ ခံစားလိုက်ရသည်။

"ဝိညာဉ်စွမ်းအင် "

ယင်းသည် အမှန်တကယ်ပင် ဝိညာဉ်စွမ်းအင် ဖြစ်ချေသည်။

ဝိညာဉ်အမြစ် ရှိသူများသာလျှင် ကောင်းကင်နှင့် မြေကြီးအကြားရှိ

ဝိညာဉ်စွမ်းအင်ကို အာရုံခံနိုင်ခြင်း ဖြစ်ပေရာ ထိုအချက်ကြောင့်ပင် ကျင့်ကြံခြင်းကမ္ဘာ၌ ဝိညာဉ်အမြစ်မရှိဘဲ ကျင့်ကြံ၍ မရခြင်း ဖြစ်ပေသည်။

"အလို... ဘုရားရေ"

နင်တောက်ရန်သည် ဝမ်းသာလွန်းသဖြင့် မျက်ရည်ပင် ကျလုနီးနီး ဖြစ်သွားကာ အသက်ကို ပြင်းပြင်းရှူသွင်းလိုက်၏။ ထိုအခါ ပတ်ဝန်းကျင်ရှိ ဝိညာဉ်စွမ်းအင်များသည် ခေါ်ယူမှုကို တုံ့ပြန်သည့်အလား တိုးဝင်လာကြလေသည်။

၎င်းတို့သည် အရပ်မျက်နှာအသီးသီးမှ တိုးဝင်လာကာ သူ၏ ခန္ဓာကိုယ်အတွင်းသို့ စိမ့်ဝင်သွားပြီးနောက် ခြေလက်အင်္ဂါ တစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့၏။ ဤသည်မှာ သူ၏ ခန္ဓာကိုယ်သည် ဝိညာဉ်စွမ်းအင်ကို ပထမဆုံးအကြိမ် ထိတွေ့ခံစားလိုက်ရခြင်းပင် ဖြစ်ပေသည်။

ဤသည်မှာ "ဝိညာဉ်စွမ်းအင်ရရှိခြင်း" ၏ အမှတ်အသားပင် ဖြစ်ချေသည်။

အောင်မြင်သွားချေပြီ။

ဝိညာဉ်စွမ်းအင်သန့်စင်မှုအဆင့် (၁) သို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်ပေသည်။

"သမင်ကြီး... ငါ အောင်မြင်ပြီဟေ့"

နင်တောက်ရန်သည် လွန်စွာ ဝမ်းသာပီတိ ဖြစ်နေသော်လည်း ချက်ချင်းအောင်ပွဲမခံသေးဘဲ ကျင့်စဉ်ကိုသာ ထပ်ခါထပ်ခါ ပြုလုပ်နေမိ၏။

သူ၏ ခန္ဓာကိုယ်သည် မောပန်းနွမ်းနယ်လာကာ ဝိညာဉ်စွမ်းအင်များကို ထပ်မံ မစုပ်ယူနိုင်တော့သည့် အချိန်အထိ ကျင့်ကြံနေခဲ့သည်။

ထိုအချိန်၌ နင်တောက်ရန်၏ မျက်မှောက်တွင် ကောင်းကင်မှ ကျဆင်းလာသော နှင်းပွင့်ကလေးများသည် လွန်စွာ နှေးကွေးသွားသကဲ့သို့ ခံစား

ရကာ ယင်းနှင်းပွင့်တို့၏ ပုံသဏ္ဍာန်ကိုပင် ရှင်းလင်းစွာ မြင်တွေ့နေရ၏။ နှင်းပွင့်ကလေးများ တစ်ခုနှင့်တစ်ခု ထိတွေ့မိပုံကိုပင် အသေးစိတ် မြင်တွေ့နေရချေပြီ။

ဤသည်မှာ ဝိညာဉ်စွမ်းအင်သန့်စင်မှုအဆင့်သို့ ရောက်ရှိသွားခြင်းကြောင့် ရရှိလာသော အာရုံခံစားမှု အပြောင်းအလဲများ ဖြစ်ပေရာ နင်တောက်ရန်မှာ လွန်စွာ ဝမ်းမြောက်နေမိတော့သည်။

"အူး ◌း◌း◌း~~~"

သမင်အူကြောင်ကြီးသည်လည်း ခေါင်းမော့ကာ အော်ဟစ်လိုက်၏။ ယင်းသည် "အစ်ကိုကြီး... တော်လိုက်တာ" ဟု ပြောဆိုလိုက်သကဲ့သို့ပင်ဖြစ်လေသည်။

"အစ်ကိုနင်..."

ထိုစဉ် တောင်စောင်းထက်သို့ လူရိပ်ငယ်တစ်ခု ပြေးတက်လာသည်ကို မြင်လိုက်ရ၏။ ယင်းမှာ အစိမ်းရောင် အင်္ကျီတိုကို ဝတ်ဆင်ထားသော လူငယ်လေးတစ်ဦး ဖြစ်ပေသည်။

သူသည်ကား "ကျိုးထဲ့ကျူး" ပင် ဖြစ်ချေသည်။

သူသည် လုံရှန်းရွာ၏ အကြီးအကဲဖြစ်သူ အဘိုးအို၏ မြေးဖြစ်ကာ ရွာရှိ အဓိက မျိုးနွယ်စုကြီး နှစ်ခုအနက် ကျိုးမျိုးနွယ်၏ အကြီးဆုံးမြေးလည်း ဖြစ်ပေသည်။

နင်တောက်ရန်အတွက်မူ ထိုကလေးငယ်၏ အမှတ်အသားမှာ...မျက်လုံးနှစ်လုံးသည် အမြဲတစေ အလယ်သို့ စုဆုံနေတတ်ရာ အနည်းငယ် အသိဉာဏ် မပြည့်မီသူကဲ့သို့ ထင်မှတ်ရခြင်းပင် ဖြစ်ချေသည်။

"ဘာကိစ္စရှိလို့လဲ" နင်တောက်ရန်က ပြုံးလျက် မေးမြန်းလိုက်၏။

ကျိုးထဲ့ကျူးက သွားဖြစ်၍ ရယ်မောကာ "အဘိုးက ခေါ်ခိုင်းလိုက်လို့ပါ။ ရွာကို ကျင့်ကြံသူတွေ ရောက်နေပြီး ဝိညာဉ်အမြစ်ရှိတဲ့သူတွေကို ရွေးချယ်နေတယ်တဲ့။ အစ်ကို့ကိုလည်း မြန်မြန်လာပြီး စမ်းသပ်ကြည့်ဖို့ ပြောလိုက်ပါတယ်"

"ဟေ... ကျင့်ကြံသူတွေ ဟုတ်လား"

နင်တောက်ရန်၏ စိတ်လှုပ်ရှားမှုမှာ အထွတ်အထိပ်သို့ ရောက်ရှိသွားကာ သမင်အူကြောင်ကြီးကို ခေါ်ဆောင်၍ ရွာထဲသို့ ချက်ချင်း ပြေးဆင်းသွားခဲ့လေတော့သည်။

...

ရွာအတွင်းဝယ် ကာလကြာရှည် ပျောက်ကွယ်နေသော စည်ကားမှုများဖြင့် ပြည့်နှက်နေ၏။

နင်တောက်ရန် ရွာထဲသို့ ဝင်လာသောအခါ အဖြူရောင်နှင့် အစိမ်းရောင် ဝတ်ရုံများကို ဝတ်ဆင်ထားသူ အများအပြားကို မြင်တွေ့လိုက်ရသည်။ ထိုသူတို့သည် မသေမျိုးများကဲ့သို့ အလွန်ပင် တည်ငြိမ်ပြီး စွမ်းအားကြီးပုံပေါက်လှပေသည်။

"အားလုံးပဲ နားထောင်ကြပါ။ ကျွန်ုပ်သည် 'အနန္တဂိုဏ်း' ၏ အပြင်စည်းတပည့် အကြီးအကဲ တစ်ဦး ဖြစ်ပါတယ်။ ယခုတစ်ခေါက် ရွာကို လာရခြင်းမှာ လူငယ်တွေရဲ့ ဝိညာဉ်အမြစ်ကို စမ်းသပ်ဖို့ ဖြစ်ပါတယ်။ အကယ်၍ ဝိညာဉ်အမြစ် ပါရှိခဲ့ရင် ကျွန်ုပ်တို့ ဂိုဏ်းက သင့်လျော်သလို စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်"

အပြာရင့်ရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသော သဘောကောင်းပုံရသည့် အဘိုးအိုက ပြုံးလျက် ပြောဆိုနေ၏။ သူ၏ မျက်နှာမှာ ကြည်လင်ဝင်း

ပနေပြီး ဆံပင်ဖြူသော်လည်း လူငယ်တစ်ဦးကဲ့သို့ နုပျိုသော အသွင်ရှိပေသည်။

ရွာရှိ ကလေးငယ်များစွာသည် ဝိညာဉ်အမြစ် စမ်းသပ်ရန် စုဝေးနေကြ၏။ အသက် ၁၉ နှစ်အရွယ် နင်တောက်ရန်သည်လည်း ထိုကလေးများအကြား၌ "ငန်းတစ်ကောင်က ကြက်အုပ်အလယ်တွင် ရောက်နေသကဲ့သို့" ထင်ထင်ရှားရှား ရှိနေချေသည်။

အဝေးတစ်နေရာ၌မူ အခြားရွာများမှ ဝိညာဉ်အမြစ် စစ်ဆေးအောင်မြင်ထားသော ကလေးအချို့ ရှိနေပြီး ၎င်းတို့သည် ဂိုဏ်းသို့ လိုက်ပါရန်အဆင်သင့် ဖြစ်နေကြပြီ ဖြစ်၏။ လုံရှန်းရွာမှ ကလေးငယ်များမှာမူ ထိုသူတို့ကို အားကျမဆုံး ဖြစ်နေကြပေသည်။

အနန္တဂိုဏ်းမှ တပည့်တစ်ဦးသည် စိမ်းဖန့်ဖန့် ကျောက်စိမ်းပေတံကို ကိုင်ဆောင်ကာ ကလေးငယ်များထံ ချဉ်းကပ်လာ၏။ ထိုပေတံသည် ကလေးငယ်များရှေ့မှ ဖြတ်သန်းသွားသော်လည်း မည်သည့် တုံ့ပြန်မှုမျှ မရှိချေ။

မကြာမီတွင် တာဝန်ခံ အဘိုးအိုမှာ မျက်မှောင်ကြုတ်လိုက်ကာ "ဒီရွာမှာ ဝိညာဉ်အမြစ်ရှိတဲ့သူ တစ်ယောက်မှ မရှိတာလား" ဟု ညည်းတွားမိလေသည်။

ရွာလူကြီး၏ မျက်နှာမှာလည်း စိုးရိမ်မှုများဖြင့် ပြည့်နှက်နေ၏။

နောက်ဆုံး၌ နင်တောက်ရန်၏ အလှည့်သို့ ရောက်ရှိလာခဲ့ပြီ။ ကျောက်စိမ်းပေတံထက်၌ အစိမ်းရောင် ရေလှိုင်းကလေးများ ထင်ဟပ်သွားခဲ့ချေပြီ။

"အလို..."

စစ်ဆေးနေသော တပည့်ဖြစ်သူမှာ ခေတ္တမျှ မှင်တက်သွားကာ ဝမ်းသာ

သွားသော်လည်း နောက်တွင်မူ စိတ်ပျက်သွားသည့် အသွင်ဖြင့် "အဆင့် (၉) အခြေခံဝိညာဉ်အမြစ် ပါလား..." ဟု ဆိုလိုက်သည်။

"ဟေ..."

တာဝန်ခံ အဘိုးအိုသည် နင်တောက်ရန်ကို ကြည့်ကာ ပြုံးလျက် "မင်း ဒီမှာ ခဏစောင့်နေဦး၊ မင်းအတွက် မကြာခင် စီစဉ်ပေးပါမယ်" ဟု ပြောကြားခဲ့၏။

ရွာလူကြီးမှာမူ ထိုအခါမှသာ သက်ပြင်းချနိုင်တော့သည်။

မွန်းတည့်ချိန်တွင် စမ်းသပ်မှုများ ပြီးဆုံးသွားရာ တစ်ရွာလုံးတွင် နင်တောက်ရန် တစ်ဦးတည်းသာ ဝိညာဉ်အမြစ် ရှိခဲ့ပေသည်။

"ကျွန်ုပ် ကြည့်ပါရစေဦး"

တာဝန်ခံ အဘိုးအိုသည် ရှေ့သို့တိုးလာကာ နင်တောက်ရန်၏ လက်ကောက်ဝတ်ကို စမ်းသပ်လိုက်ရာ နွေးထွေးသော စွမ်းအင်စီးဆင်းမှုကို ခံစားလိုက်ရ၏။

"မင်း ခန္ဓာကိုယ်ကြံခိုင်ကျင့်စဉ်ကို ကျင့်ဖူးတာလား... မင်းရဲ့ ဝိညာဉ်အင်အားကို တစ်ချက် လှည့်ပတ်ကြည့်စမ်း"

"ဟုတ်ကဲ့ပါ"

နင်တောက်ရန်သည် သူ ကျွမ်းကျင်ခြင်း မရှိသေးသော ကျင့်စဉ်ကို ဖြည်းညှင်းစွာ လှည့်ပတ်ပြလိုက်၏။

"အင်း... ကျင့်စဉ်က အစပျိုးရုံပဲ ရှိသေးပေမယ့် ဝိညာဉ်စွမ်းအင်သန့်စင်မှု ပထမအဆင့်ကိုတော့ ရောက်နေပြီပဲ။ မင်း အသက် ဘယ်လောက်ရှိပြီလဲ"

"၁၉ နှစ်ပါ"

"အသက် ၂၀ မပြည့်သေးဘူးပေါ့"

'အဆင့် (၉) အခြေခံဝိညာဉ်အမြစ်၊ ဝိညာဉ်စွမ်းအင်သန့်စင်မှု ပထမအဆင့်၊ ကျင့်စဉ်ကလည်း မကျွမ်းကျင်သေးဘူး၊ အသက်က ၂၀ အောက်... ဒါက တကယ်တော့ စားဖို့လည်း အဆင်မပြေ၊ လွှင့်ပစ်ဖို့လည်း နှမြောစရာ အခြေအနေပဲ'တာဝန်ခံ အဘိုးအိုသည် စိတ်ထဲမှ တွေးတောနေမိ၏။

ထိုသို့သော ဝိညာဉ်အမြစ်မျိုးသည် အလွန်အမင်း အလိုရှိအပ်သော အရာမျိုး မဟုတ်သော်လည်း လုံးဝ ပယ်ပစ်ရန်လည်း မသင့်လှပေရာ သူ၏ စိတ်ဆန္ဒအပေါ်၌သာ မူတည်နေပေသည်။

သူသည် နင်တောက်ရန်ကို ကြည့်ကာ "မင်း အနန္တဂိုဏ်းကို လိုက်ပြီး ဂိုဏ်းအတွင်းရှိ အနိမ့်ဆုံးအဆင့် အဖြစ် ဖြစ်စေ၊ ဒါမှမဟုတ် အပြင်စည်းတပည့်အဖြစ် ဖြစ်စေ လုပ်ကိုင်ဖို့ ဆန္ဒရှိရဲ့လား။ ကြီးမြတ်တဲ့ ကျင့်ကြံခြင်းလမ်းစဉ်ကို မရောက်နိုင်ရင်တောင်မှ သက်သောင့်သက်သာ နေထိုင်နိုင်ဖို့ကတော့ ပြဿနာ မရှိပါဘူး"

နင်တောက်ရန်သည် ခေါင်းကို အပြင်းအထန် ညိတ်လိုက်လေသည်။

သူသည် အလွန်ပင် ဆန္ဒရှိလှပေသည်။ ဂိုဏ်းသို့ ရောက်ရှိပြီးနောက် ငြိမ်သက်သော အရပ်၌ ဝိညာဉ်ကောက်နှံများ စိုက်ပျိုးနိုင်ခြင်းမှာ အခြားအရာအားလုံးထက် သာလွန်ပေရာ သူ၏ မသေမျိုးလမ်းစဉ် ပထမခြေလှမ်းကို စတင်ရန် ဆန္ဒရှိနေခြင်းပင် ဖြစ်ချေသည်။

သူ၏ ဘေးရှိ သမင်အူကြောင်ကြီးသည်လည်း ခေါင်းညိတ်ကာ အော်ဟစ်လိုက်၏။

"ဟဲဟဲ..."

အဘိုးအိုမှာ မပြုံးဘဲ မနေနိုင်တော့ဘဲ "ဒါက မင်းရဲ့ ဝိညာဉ်သားရဲလား"

"ဟုတ်ကဲ့ပါ စီနီယာ"

"စိတ်ဝင်စားစရာပဲ"

တာဝန်ခံ အဘိုးအိုသည် ရွာလူကြီးကို ကြည့်ကာ "ဒီလူငယ်ကို ကျွန်ုပ်တို့ အနန္တဂိုဏ်းက ခေါ်သွားပါ့မယ်။ ဒီနေ့တော့ ရွာမှာ တစ်ညအိပ်နားပြီး မနက်ဖြန်ကျမှ ဂိုဏ်းကို အတူတူ ထွက်ခွာကြတာပေါ့"

"ကောင်းပါပြီ... ကောင်းပါပြီဗျာ"

ရွာလူကြီးကလည်း ခေါင်းကို တတွတ်တွတ် ညိတ်လျက် ပြန်လည်ဖြေကြားခဲ့လေတော့သည်။

...

မွန်းလွဲပိုင်းတွင် ရွာလူကြီး၏ အိမ်၌...

နင်တောက်ရန်နှင့် သမင်အူကြောင်ကြီးတို့သည် အရသာရှိလှသော ကြက်ဥခေါက်ဆွဲများကို မြိန်ယှက်စွာ စားသုံးနေကြ၏။

မီးဖိုချောင်ရှေ့တွင်မူ အမျိုးသမီးတစ်ဦးသည် သူမ၏ ခါးစည်းကို ဖြည်ချလျက် ဤ နင်တောက်ရန်နှင့် သမင်ကို စက်ဆုပ်ရွံရှာသော မျက်လုံးများဖြင့် ကြည့်ရှုနေလေသည်။

သူမသည် အလကား လာရောက်စားသောက်နေသော ဤလူနှင့် သမင်အပေါ် မည်သည့်အခါမျှ အမြင်မကြည်လင်ခဲ့ဖူးချေ။ နင်တောက်ရန် ဂိုဏ်းသို့ ဝင်တော့မည်ကို သိရှိသော်လည်း သူမ၏ စက်ဆုပ်မှုမှာ လျော့ပါးမသွားပေ။

"တူလေး..."

ရွာလူကြီးက လေးနက်စွာ ပြောဆိုလာ၏။ "စားပြီးရင် ချက်ချင်း မပြန်ပါနဲ့ဦး။ မင်းအတွက် ငါ့မှာ ပေးစရာ တစ်ခုရှိတယ်"

သူသည် ရင်ဘတ်အတွင်းမှ တွန့်လိပ်နေသော လက်ကိုင်ပုဝါတစ်ခုကို

ထုတ်ယူကာ စားပွဲပေါ်သို့ တင်လိုက်ပြီး ဖြည်းညှင်းစွာ တွန်းပေးလိုက်၏။

"ဒါက ဘာလဲဟင်"

နင်တောက်ရန်သည် ရွာလူကြီးကို များစွာ လေးစားလှပေသည်။ မည်သို့ပင်ဆိုစေကာမူ သူသည် လူကြီးသူမ တစ်ဦးဖြစ်ရုံသာမက နင်တောက်ရန်အပေါ်၌လည်း ကောင်းမွန်စွာ ဆက်ဆံခဲ့သည် မဟုတ်လော။

လက်ကိုင်ပုဝါကို တစ်လွှာချင်း ဖြည်ကြည့်လိုက်သောအခါ အတွင်း၌ လက်သန်းခန့်ရှိသော လင်းလက်တောက်ပနေသည့် ကျောက်တုံးကလေး နှစ်တုံးကို မြင်တွေ့လိုက်ရ၏။

သာမန်လူများအတွက်မူ ယင်းသည် ထူးခြားမည် မဟုတ်သော်လည်း နင်တောက်ရန်ကဲ့သို့ ကျင့်ကြံသူတစ်ဦးအတွက်မူ ဤကျောက်တုံးများအတွင်း၌ ကြွယ်ဝလှသော ဝိညာဉ်စွမ်းအင်များ ရှိနေသည်ကို ချက်ချင်း သိရှိလိုက်ပေသည်။

"ဝိညာဉ်ကျောက်တုံးများ"

နင်တောက်ရန်သည် ဝိညာဉ်ကျောက်တုံးကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်၏။ ဤသည်မှာ ကျင့်ကြံခြင်းကမ္ဘာ၌ မရှိမဖြစ်လိုအပ်သော အရာဖြစ်သကဲ့သို့ ငွေကြေးအဖြစ်လည်း အသုံးပြုနိုင်သည်ဟု ကြားဖူးခဲ့ပေသည်။

ယင်းသည် အဆင့်နိမ့် ဝိညာဉ်ကျောက်တုံး နှစ်တုံးသာ ဖြစ်သော်လည်း ဝိညာဉ်စွမ်းအင်သန္ဓေတည်ခါစ နင်တောက်ရန်အတွက်မူ အဖိုးမဖြတ်နိုင်သော ရတနာပင် ဖြစ်ချေသည်။

"တူလေးရယ်..."

ရွာလူကြီးက အတိတ်ကို ပြန်လည်တမ်းတသည့်အသွင်ဖြင့် သက်ပြင်းချကာ ဆို၏။ "မင်းအဖေနဲ့ ငါဟာ သွေးသောက်ညီအစ်ကိုတွေ ဖြစ်ခဲ့ကြတာ

ဆိုတော့ ငါ့ကိုလည်း မင်းဦးလေးလို့ သတ်မှတ်နိုင်ပါတယ်။

မင်းမိဘတွေ စောစောစီးစီး ဆုံးပါးသွားခဲ့ရပြီး မင်းတစ်ယောက်တည်း ဖြစ်နေတာကိုလည်း ဦးလေး ဒီနှစ်တွေမှာ အားလုံး မြင်တွေ့ခဲ့ရပါတယ်။ မင်းကို ကူညီနိုင်တာ သိပ်မရှိပေမယ့် ဒီလောက်ကလေးတော့..."

ရွာလူကြီး၏ အသံမှာ တည်ငြိမ်နေ၏။

"ကျင့်ကြံသူတွေကတော့ ငါတို့လို တောက လူသားတွေကို 'အနိမ့်တန်းစားတွေ' လို့ပဲ ခေါ်ကြတာပေါ့။ ဦးလေးက ရွာလူကြီးဆိုပေမယ့် အသိဉာဏ်ကတော့ နည်းပါသေးတယ်။ ဒီဝိညာဉ်ကျောက်တုံး နှစ်တုံးက သိပ်မများလှပေမယ့် မင်း ဝိညာဉ်အမြစ် စမ်းသပ်အောင်မြင်တဲ့အတွက် ဦးလေးရဲ့ စေတနာအဖြစ် လက်ခံပေးပါ။

တစ်နေ့မှာ မင်းဟာ တကယ့် 'မသေမျိုးသခင်ကြီး' တစ်ဦး ဖြစ်လာခဲ့ရင်၊ ငါတို့ လုံရှန်းရွာက ထွက်ပေါ်လာတဲ့ ကျင့်ကြံသူတစ်ဦးအနေနဲ့ မင်းကို မွေးထုတ်ပေးခဲ့တဲ့ ဤမြေကို စောင့်ရှောက်ပေးပါဦး..."

"ဟုတ်ကဲ့ပါ"

နင်တောက်ရန်သည် ဝိညာဉ်ကျောက်တုံးများကို ချက်ချင်း လက်ခံလိုက်ပြီးနောက် သမင်အူကြောင်ကြီးကို ခေါ်ကာ တံခါးဝသို့ သွား၍ ရွာလူကြီးကို ဦးညွှတ်နှုတ်ဆက်ပြီး ထွက်ခွာခဲ့လေတော့သည်။

ရွာလူကြီးကမူ ပြုံးလျက် လက်ဝှေ့ယမ်း၍ နှုတ်ဆက်ကျန်ရစ်ခဲ့ချေပြီ။

...

ညနေခင်းတွင်မူ...

နင်တောက်ရန်သည် အနီရောင် ဝတ်စုံဝတ်ထားသော မိန်းကလေးငယ်တစ်ဦး၏ ခေါ်ဆောင်မှုကြောင့် သူမ၏အိမ်သို့ လိုက်ပါသွားခဲ့၏။

သူမ၏ အမည်မှာ "ဟယ်ဟွာလေး" ဖြစ်ပြီး ရွာရှိ "မုဆိုးမပိုင်" ၏ သမီးငယ် ဖြစ်ပေသည်။

နင်တောက်ရန်သည် တစ်ခါက ရေနစ်နေသော ဟယ်ဟွာလေးကို ကယ်တင်ပေးခဲ့ဖူးရာ သူတို့အကြား ဆက်ဆံရေးမှာ လွန်စွာ ကောင်းမွန်လှပေသည်။

ဟယ်ဟွာလေး၏ မိခင်ဖြစ်သူမှာ ညစာကို အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်၏။ ရိုးရှင်းသော တောဟင်းလျာများသာ ဖြစ်သော်လည်း မွှေးရနံ့မှာမူ လွန်စွာ စွဲမက်ဖွယ် ကောင်းလှပေသည်။

အမှန်စင်စစ် မုဆိုးမပိုင်သည် လွန်စွာ လှပသူတစ်ဦး ဖြစ်ပေသည်။ သူမ၏ ခင်ပွန်းဖြစ်သူ ဆုံးပါးသွားပြီးနောက် ရွာရှိ လူပျိုကြီးများမှာ သူမကို အဝေးမှ မြင်ရရုံနှင့်ပင် တံတွေး တမြိုမြို့ မြိုနေကြရသည် မဟုတ်လော။

"ဖြည်းဖြည်းစားပါ"

မုဆိုးမပိုင်သည် နင်တောက်ရန်နှင့် သမင်အူကြောင်ကြီးတို့၏ စားသောက်ပုံကို ကြည့်ကာ ပြုံးလျက် ပြောဆို၏။ "ဒီနေ့မနက် စမ်းသပ်မှုမှာ မင်းတစ်ယောက်တည်း ဝိညာဉ်အမြစ် ရှိတာလို့ ကြားတယ်"

"ဟုတ်ပါတယ်"

နင်တောက်ရန်က ခေါင်းညိတ်ကာ "မနက်ဖြန်ဆိုရင် ကျွန်တော် ရွာက ထွက်ခွာပြီး တောင်ပေါ်မှာ ကျင့်ကြံရတော့မှာပါ။ အဒေါ်ပိုင်နဲ့ ဟယ်ဟွာလေးတို့လည်း ဂရုစိုက်ကြပါဦး"

"အင်း... နောက်ဆုံးတော့လည်း မင်း အောင်မြင်သွားပြီပေါ့လေ..."

မုဆိုးမပိုင်က ရုတ်တရက် သက်ပြင်းချလိုက်ရာ သူမ၏ ချောမောသော မျက်နှာထက်၌ လွမ်းဆွတ်မှုများ ရိပ်ယောင်သွား၏။

"တကယ်တော့ မင်းရဲ့ ဘဝကလည်း ခက်ခဲခဲ့တာပဲ။ မိဘတွေ စောစော ဆုံးသွားတာက ငါတို့ သားအမိတွေလိုပါပဲလား..."

ပြောဆိုရင်းနှင့် သူမသည် နင်တောက်ရန်ကို ခိုးကြည့်လိုက်ရာ သူမ၏ မျက်နှာမှာ အနည်းငယ် နီမြန်းသွား၏။ သူမက တိုးညှင်းသော အသံဖြင့် "တကယ်တော့ အရင်က ငါ မပြောရဲခဲ့တာ တစ်ခုရှိတယ်။ ဒီနှစ်တွေမှာ မင်း ဒီအိမ်မှာပဲ နေဖို့ မစဉ်းစားခဲ့ဘူးလား"

သူမ၏ အသံမှာ ခြင်လေးတစ်ကောင် အော်သကဲ့သို့ပင် တိုးညှင်းလှပေသည်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ငါ့အိမ်မှာလည်း ယောကျ်ားတစ်ယောက် မရှိဘူး လေ၊ ပြီးတော့ ဟယ်ဟွာလေးကလည်း မင်းနဲ့ ရင်းနှီးတာပဲကို..."

"ဟင်..."

နင်တောက်ရန်မှာ အံ့အားသင့်သွားကာ အစာပင် သီးလုနီးနီး ဖြစ်သွား၏။

မုဆိုးမ၏ အရိပ်အမြွက်မှာ လွန်စွာ ရှင်းလင်းလှပေသည်၊ သို့သော်လည်း...

"သမင်ကြီးနဲ့ ကျွန်တော်နဲ့ကတော့ ဒီလိုပဲ အသားကျနေပါပြီ၊ ခက်ခဲရင်လည်း အတူတူပေါ့ဗျာ" သူက ရယ်မောလျက် ပြန်လည်ဖြေကြားလိုက်သည်။

"အူးးးး~~~"

သမင်အူကြောင်ကြီးကလည်း ထောက်ခံသည့်အလား အော်ဟစ်လိုက်၏။

ဟယ်ဟွာလေးမှာမူ သူတို့ပြောသည်ကို နားမလည်ဘဲ "မေမေ... အစ်ကို နင်က ပြန်လာဦးမှာတဲ့၊ ရပါတယ်... ကျွန်မတို့ သူ့ကို တွေ့ရဦးမှာပဲဟာ" ဟု

ဆိုလေသည်။

မုဆိုးမပိုင်သည် ပြုံးလျက် ခေါင်းညိတ်လိုက်ပြီးနောက် မည်သည့်စကားမျှ ထပ်မံ မပြောတော့ပေ။

...

ထိုညတွင် နင်တောက်ရန်မှာ အိပ်မပျော်နိုင်ဘဲ လူးလိမ့်နေမိတော့သည်။

နောက်ဆုံးတွင်မူ သူသည် ဂိုဏ်းသို့ ဝင်ရောက်နိုင်ကာ ဝိညာဉ်ကောက်နှံများကို တိတ်တဆိတ် စိုက်ပျိုးနိုင်တော့မည် ဖြစ်ပေသည်။

ဝိညာဉ်ကောက်နှံ စိုက်ပျိုးခြင်းမှာ ယခုအချိန်၌ သူ၏ အကြီးမားဆုံး ရည်မှန်းချက်ပင် ဖြစ်ချေသည် မဟုတ်လော။

"သစ်ပင်ပန်းမန် ဝိညာဉ်အာရုံ" ၌ ငါးမှတ်ရှိနေခြင်းမှာ အပင်ကြီးထွားနှုန်းကို အဆ ၅၀ မျှ မြန်ဆန်စေမည် ဖြစ်ရာ ပုံမှန်အားဖြင့် တစ်နှစ်ကြာမှ မှည့်ရမည့် ဝိညာဉ်ကောက်နှံကို တစ်ပတ်အတွင်း ရရှိနိုင်မည် ဖြစ်ပေသည်။ ဤသည်မှာ မည်မျှ ကြီးကျယ်သော အခွင့်အရေး ဖြစ်ပါအံ့နည်း။

***